Market Commentary

# First Myanmar Investment

KBZSC
KBZ STIRLING COLEMAN SECURITIES CO., LTD

**KBZSC Securities Trading** Feb 21, 2020

# GIC နှင့် Norfund: FMI အတွက် နောက်ထပ်ယုံကြည်ချက်မဲတစ်မဲလား?

## GIC & Norfund – Yet Another Vote of Confidence for FMI?

ပြီးခဲ့သောလအနည်းငယ်တွင် IFC မှ FMI ကုမ္ပဏီအုပ်စု ကျန်ရှိသေးသောချေးငွေများကို ရိုးမဘဏ်၏အစုရှယ်ယာ ၅% သို့ ပြောင်းလဲရန်အဘောတူညီမှု ရရှိခဲ့ပြီးနောက်ပိုင်း စင်ကာပူနိုင်ငံမှ GIC နှင့် နော်ဝေနိုင်ငံမှ Norfund ကုမ္ပဏီများသည် FMI ကုမ္ပဏီအုပ်စု ရိုးမဘဏ် လုပ်ငန်း၏ နောက်ထပ် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများဖြစ်လာခဲ့သည်။ GIC သည် ရိုးမဘဏ် လုပ်ငန်း၏ ၂၀% ကို ဝယ်ယူမည်ဖြစ်ပြီး Norfund သည် အဆိုပါဘဏ်၏ ၁၀% ကို ပိုင်ဆိုင်သွား မည်ဖြစ်သောကြောင့် ရိုးမဘဏ်မှာ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကျပ် ၁၃၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၈.၇ သန်းခန့်) ရရှိမည် ဖြစ်သည်။

Singapore's GIC and Norway's Norfund became the next foreign shareholders for FMI's Yoma Bank a few months after IFC's conversion of outstanding convertible loan into 5% of the share capital of Yoma Bank. GIC will buy about 20% of Yoma Bank while Norfund will own about 10%, totaling 130 billion kyat ($88.7 million) of foreign investment.

After the share swap agreement with Yangon Land last year, FMI's shareholding position in Yoma Bank has increased to about 62%. This majority

### FMI Closing Prices (Jan 2019 – Present)




*Source: Yangon Stock Exchange*

လက်ရှိရိုးမဘဏ်၏ တန်ဖိုးကိုအခြေခံပါက FMI ကုမ္ပဏီအုပ်စု၏ ရိုးမဘဏ်တွင်ပိုင်ဆိုင်မှုသည် လက်ရှိ ဈေးကွက်တွင်ဖြစ်ပေါ်နေသည့် FMI ကုမ္ပဏီ အုပ်စုတန်ဖိုး စုစုပေါင်း၏ ထက်ဝက်ခန့် တန်ဖိုးရှိ မည်ဖြစ်သည်။ လက်ရှိ FMI ကုမ္ပဏီအုပ်စု၏ ဝင်ငွေ ကို အဓိကအထောက်အကူပြု နေသည့် ရိုးမဘဏ်လုပ်ငန်းတွင် ကုမ္ပဏီအုပ်စု၏ ရှယ်ယာ ပိုင်ဆိုင်မှုမှာ တိုးမြှင့်သွားသည့် အတွက် ရင်းနှီးမြှုပ်နှံသူများ အတွက် လက်ရှိ FMI ရှယ်ယာဈေးနှုန်းမှာ အတက် ဘက်အခွင့်အလမ်းများစွာရှိသည်ကို တွေ့ရသည်။ တနည်း အားဖြင့် လက်ရှိ ရှယ်ယာဈေးနှုန်းဖြင့် FMI ရှယ်ယာကို ဝယ်ယူပါက FMI ကုမ္ပဏီအုပ်စု၏ အခြားလုပ်ငန်းများ ဖြစ်သည့် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများကို ရှယ်ယာ တစ်စု လျှင် ကျပ် ၆,၀၀၀ ခန့်ဖြင့် ဝယ်ယူနိုင်သည့် အနေ အထားတွင်ရှိ နေသည်ကို တွေ့ရပါသည်။

ဖိလစ်ပိုင်နိုင်ငံမှ Ayala ကုမ္ပဏီအုပ်စုနှင့် အမေရိကန် ဒေါ်လာ ၈၂.၅ သန်းတန်ဖိုးရှိ ပြောင်းလဲနိုင်သည့်ရှယ်ယာ သဘောတူညီချက်ရရှိခဲ့ပြီးနောက် ပိုင်း GIC နှင့် Norfund တို့မှ နောက်ဆုံး ရင်းနှီးမြှုပ်နှံမှုများသည် ရင်းနှီးမြှုပ်နှံသူများ ကြား FMI ကုမ္ပဏီအုပ်စုကို နိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံ နိုင်သည့် ကုမ္ပဏီတစ်ခုအဖြစ် ယုံကြည်မှုပိုမိုပေးအပ်နိုင်ခဲ့ ပါသည်။ မကြာမီအချိန်တွင် ရန်ကုန်စတော့ အိပ်ချိန်းတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြု တော့မည်ဖြစ်သော ကြောင့် Ayala၊ GIC နှင့် Norfund တို့ကဲ့သို့ ကြီးမားသည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများသည် FMI ကုမ္ပဏီအပေါ် နိုင်ငံခြားမှ ယုံကြည်မှုပိုမိုတိုးမြှင့်စေပြီး လက်ရှိရှယ်ယာ ဈေးနှုန်း၏ အတက်ဘက် အလားအလာကို ဖော်ပြလျက် ရှိပါသည်။

shareholding position will be maintained after a combined 30% purchase of Yoma Bank from GIC and Norfund.

Based on the valuation of Yoma Bank, FMI's stake in Yoma Bank is about half the current market capitalization of FMI. For investors, FMI's current share price represents a significant upside opportunity, considering FMI has an increased shareholding position from Yoma Bank which consistently has been the main driver of the Group's revenue. This also means that if you were to purchase FMI shares at the current price, you are effectively buying all the other businesses such as healthcare, real estate and tourism at around Ks 6,000 per share.

The latest round of investments from GIC and Norfund further strengthens FMI's status as an investible business by foreign investors, following Ayala's US$ 82.5 million convertible agreement with the holding company. With the impending foreign participation in the Yangon Stock Exchange, foreign investments of such scale as Ayala, GIC and Norfund represent a strong vote of foreign confidence in FMI and highlight the upside potential of the company's share price.


## KBZSC Securities Trading Department Contact Details

| | | | |
|---|---|---|---|
| License No. | : 001 | Website | : www.kbzsc.com |
| Telephone | : 01 230 7305 – 08 | Facebook | : www.facebook.com/KBZSC |
| Email | : trading@kbzsc.com | Office Hours | : 9:00 AM – 4:30 PM (Monday – Friday) |



*Disclaimer:*

*The ideas expressed here should not be construed as an enticement to buy or sell the securities mentioned. The accuracy or completeness of the information provided cannot be guaranteed. All customers should carry out independent verification of information provided. No warranty whatsoever is given and no liability whatsoever is accepted for any loss howsoever arising whether directly or indirectly as a result of actions taken based on ideas and information found in this presentation.*